## ၈။ ရှောက်သံပုရာ ရွက်စားခူကောင်

**Nettle caterpillar: *Parasa lepida* (Cramer, 1799)**

**Lepidoptera: Limacodidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**

 

အရွယ်ရောက်လောက်ကောင်သည် (၂၀-၂၅) မီလီမီတာခန့် ရှည်သည်။ လက်ခံပင် ပေါ်မူတည်၍ ခန္ဓာကိုယ်အရောင် အနည်းငယ်ပြောင်းလဲမှုရှိသည်။ လောက်ကောင်သည် ဝါစိမ်းရောင်ရှိ၍ ကျောဘက်အလယ်တွင် ဦးခေါင်းမှ ဝမ်းဗိုက်ပိုင်းအဆုံး အနည်းငယ် ကျယ်ပြန့်သော အပြာဖျော့ရောင် အစင်းကြောင်းပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပေါက်ပြီးစ လောက်ကောင်ငယ်တို့သည် အရွက်နုများ၊ အရွက်ရင့်များကိုစသည်တို့ကို စားသောက်ဖျက်ဆီးလေ့ရှိပြီး ရွက်လယ်ကျောများသာ ကျန်ရှိသည်အထိပျက်ဆီး လေ့ရှိ သည်။

**ဘဝစက်ဝန်း**

ဥအဆင့် ရက်(၇-၅)-

လောက်ကောင်အဆင့်　　)–၃၂ရက်(၄၆–

ရုပ်ဖုံးအဆင့်　　ရက်(၂၄–၂၁)–

အကောင်ကြီးအဆင့်　　–(၃–၆)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ဘက်တီးရီးယား (*Bacillus thuringiensis*) ကိုအသုံးပြု၍ ဇီဝနည်းဖြင့် နှိမ်နင်းပါ။

(၂) လောက်ကောင်များနှင့်ရုပ်ဖုံးများအားလက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၃)ထိသေ၊စားသေ အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒယ်လ်တာမီသရင် (Deltamethrin)
- ကာဘာရိုင်း (Carbaryl)
- လန်မ်ဒါဆိုင်ဟောလိုသရင်(Lambda-cyhalothrin)